မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

February 18 , 2026 Volume 99 , Number 9


| ၁၈. ၂. ၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၈၅.၆၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၆၁.၅၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၈.၁၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၅.၅၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၈.၄၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၁၇ ကျပ် |

## မက္ကဒေးမီးယားသီးနှံကို အိမ်နီးချင်းနိုင်ငံတစ်ခုက ပမာဏအများအပြား ဝယ်ယူရန် ကမ်းလှမ်းထား



မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိတဲ့ မက္ကဒေးမီးယားသီးနှံကို အိမ်နီးချင်းနိုင်ငံကြီးတစ်ခုမှ ပမာဏအများဆုံးနဲ့ ဝယ်ယူဖို့ကမ်းလှမ်းထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ နှစ်ရှည်သီးနှံဌာနခွဲကနေ သိရပါတယ်။

ရင်းနှီးမြှုပ်နှံမှုနဲ့ အကျိုးခံစားခွင့် ပိုမိုမြန်ဆန်စေပြီး နိုင်ငံခြားဝင်ငွေတွေ ရရှိနိုင်တဲ့ ပြည်ပပို့ကုန်သီးနှံဖြစ်လို့ ရင်းနှီးမြှုပ်နှံ စိုက်ပျိုးထုတ်လုပ်လိုတဲ့ တောင်သူတွေအနေနဲ့ ဆက်သွယ်မေးမြန်းနိုင်တယ်လို့ ဆိုပါတယ်။

“ဒီသီးနှံနဲ့ပတ်သက်ပြီး ဒေသတွင်းရှိခြံငယ်ရှင်တွေ စိုက်ပျိုးထုတ်လုပ်မှုနဲ့ နည်းပညာအခက်အခဲတွေရှိရင် နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပြီး နည်းပညာဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ ကုန်ကြမ်းအဖြစ် ထုတ်လုပ်ရောင်းချနေခြင်းကနေ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချခြင်းဖြင့် ပြည်တွင်းစားသုံးမှုအပြင် နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိစေဖို့ဆိုတဲ့ ရည်ရွယ်ချက်သုံးခုနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်”လို့ ရှမ်းပြည်နယ် မက္ကဒေးမီးယားခြံများ တာဝန်ခံပညာရှင်တစ်ဦးက ပြောပါ တယ်။

မက္ကဒေးမီးယားသီးနှံကို ၂၀၂၁ ခုနှစ်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စိုက်ဧက ၁၅,၀၀၀ ကျော်ရှိခဲ့ပြီး ၅၀၀၀ ကျော် ရိတ်သိမ်းကာ တန်ချိန် ၁၀၀၀ ကျော် ထွက်ရှိခဲ့ပါတယ်။

“၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်မှာ ပြည်ပပို့ကုန်တန် ၁၅၀ ခန့် တင်ပို့ နိုင်ခဲ့ပြီး ပြည်တွင်းစားသုံးမှုပမာဏအနေနဲ့ တန် ၅၀ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါတယ်”လို့ ၎င်းက ဆိုပါတယ်။


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

လက်ရှိ ရှမ်းပြည်နယ်မှာ ၁၀ ကေနဲ့အထက် စိုက်ပျိုးသူ ၃၄၁ ဦးရှိပြီး ခေတ်မီစိုက်ပျိုးရေးနည်း စနစ်ကောင်းတွေ အသုံးပြု စိုက်ပျိုးလာကြကာ (G.A.P) လက်မှတ်ရရှိပြီးသူ ၆၇ ဦးအထိ ရှိလာပါတယ်။

ရှမ်းပြည်နယ် နောင်ချိုဒေသတွင် ကေ ၅၀၀၀ မက္ကာဒေးမီးယားစီမံကိန်းရုံးကို ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးကေတွေ တိုးတက်လာကြောင်း သိရပါတယ်။

**Source : BETV Business**

## ပန်းဈေးကွက်အတွင်း ရေရှည်ခံ အောင်သပြေငုတ်များ အဝယ်လိုက်နေ




ပန်းဈေးကွက်အတွင်း အခြားပန်းများထက် ရေရှည်ခံသည့် အောင်သပြေငုတ်များ အဝယ်လိုက်နေပြီး ရောင်းအား တွင်ကျယ်နေကြောင်း သပြေစိုက်ပျိုးသူများနှင့် ရောင်းချသူများက ပြောပါတယ်။

သပြေငုတ်များမှာ ငုတ်အရွယ်အစားနှင့် သပြေညွန့်ပါဝင်မှု၊ လှပမှုပေါ်မူတည်ပြီး တစ်ငုတ်ကို ကျပ် ၂,၅၀၀ ကျပ် ၅,၀၀၀၊ ကျပ် ၈,၀၀၀၊ ကျပ် ၁၂,၀၀၀ မှ ကျပ် ၂၅,၀၀၀ ခွဲ စသဖြင့် ဈေးအစားစားရှိပါတယ်။

“အခုက တခြားပန်းတွေထက် အောင်သပြေပဲ အဝယ်များတယ်။ အဲဒီထဲကမှ သပြေငုတ်တွေက အရောင်းရဆုံးပဲ။ အရမ်းလှတဲ့ ငုတ်တွေဆိုရင်လည်း ဈေး တစ်သောင်း၊ နှစ်သောင်းဖြစ်ရင်လည်း ဝယ်တာပဲ။ အခုက အားလုံးက ချွေတာနေကြရတော့ တခြားဘုရားပန်းတွေက မခံဘူးလေ၊ ဒီတော့ သပြေငုတ်ပဲ ဝယ်ကြတာများတယ်”လို့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့မှ သပြေကို ကိုယ်တိုင်စိုက်ပျိုး ရောင်းချနေသူတစ်ဦးက ပြောပါတယ်။

ယခင်က သပြေငုတ်များကို ဈေးကွက်ထဲရောက်အောင်ပို့ပြီးမှ ရောင်းချရသော်လည်း လက်ရှိတွင် အွန်လိုင်းမှတစ်ဆင့် ရောင်းချမှုတွင်ကျယ်နေပြီး မန္တလေး၊ ရွှေဘို၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ မြင်းခြံမြို့များနှင့် မြန်မာနိုင်ငံအနှံ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်နေရာများက အမှာများကို ကားတင်ပို့စနစ်ဖြင့် ရောင်းချပေးနေကြောင်း သိရပါတယ်။

“ဘုရားကို ပန်းအလှတွေနဲ့ ဝေဝေဆာဆာပူဇော်ချင်တာပေါ့။ ဒါပေမဲ့ သိတဲ့အတိုင်း ပန်းတွေကလည်း ဈေးအရမ်းကြီး၊ သုံးလေးရက်တစ်ခါလောက်လဲနေရတော့လည်း ဝင်ငွေနဲ့ မခံနိုင်ဘူး၊ ဘုရားပန်းညှိုးနေရင်လည်း စိတ်မပျော်ဘူးလေ။ အဲဒီတော့ အောင်နိမိတ်လည်းဆောင်၊ ရေရှည်လည်းခံ၊လှလည်းလှတဲ့သပြေငုတ်ပဲ ဝယ်ပူဇော်ဖြစ်တယ်၊ ရေနှစ်ရက်တစ်ကြိမ်လောက် လဲပေးရင်ကို နှစ်လလောက်အဆင်ပြေတယ်”လို့ ရန်ကုန်မြို့နေ အိမ်ရှင်မတစ်ဦးက ပြောပါတယ်။

အရည်အသွေးကောင်းမွန်သည့် သပြေငုတ်များရရှိရန် သပြေပင်ပင်ကို ၃ နှစ်မှ ၅ နှစ်အထိ နှစ်ရှည်စိုက်ပျိုးကြရပြီး လိုချင်သည့်အရွယ်ရောက်ချိန်တွင် သပြေပင်များကို ခုတ်လှဲကာ ချန်ခဲ့သည့်အငုတ်များကို အညွန့်များဝေဆာသည်အထိ ပြန်လည်ပြုစုရခြင်းဖြစ်သည်။

ငုတ်ဖြတ်သည့်အချိန်မှစကာ မိုးတွင်းကာလဆိုလျှင် ၂၈ ရက်၊ နွေရာသီ ဆိုလျှင် ၁ လ၊ ဆောင်းရာသီဆိုလျှင် ရက်ပေါင်း ၄၀ ခန့်ကြာမြင့်ချိန်တွင် တူးဖော်နိုင်တယ်လို့ သပြေငုတ် စိုက်ပျိုး သူများက ပြောပါတယ်။

သပြေညွန့်ဖြတ်ရောင်းသူများလည်းရှိပြီး သပြေကို ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး၊ ရွာငံနှင့် အနီးတဝိုက်၊ ပဲခူးတိုင်းဒေသကြီးအတွင်း ရေနီ၊ ရေတာရှည်၊ တောင်ငူဒေသတစ်ခွင်စိုက်ပျိုးကြသလို မန္တလေးတိုင်းဒေသကြီးအတွင်းက မန္တလေး၊ ပုသိမ်ကြီး၊ အမရပူရနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းက မှော်ဘီ၊ တိုက်ကြီးစသည့်နေရာများတွင် စီးပွားဖြစ်အများဆုံး စိုက်ပျိုးနေကြကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## မန္တလေးပဲဈေးကွက်၌ ပြည်ပပို့ကုန်ပဲစင်းငုံများ လှိုင်လှိုင်ဝင်ရောက်ကာ အရောင်းအဝယ်သွက်လျက်ရှိ



မန္တလေးပဲဈေးကွက်၌ ယခုရက်ပိုင်းအတွင်း ပြည်ပပို့ကုန်ဖြစ်သည့် ပဲစင်းငုံများ လှိုင်လှိုင်ဝင်ရောက်ကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးမြို့ ပဲနှမ်း ကုန်သည်များ ထံက သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ပဲစင်းငုံစိုက်တောင်သူများကို မျိုးကောင်းမျိုးသန့်များ၊စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးကူညီသည့်အပြင် စိုက်ပျိုးချိန်တွင် ရာသီဥတု ကောင်းမွန်ပြီး ရောဂါပိုးမွှားများ ကျရောက်မှုမရှိသောကြောင့် ယခုနှစ်တွင် ပဲစင်းငုံ ထွက်ရှိမှုသည် ပြီးခဲ့သည့်နှစ်ကထက် ပိုမိုထွက်ရှိကာ ပဲစင်းငုံစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။


"ဒီနှစ်မှာ ပဲစင်းငုံဈေးက ယခင်နှစ်ကာလတူနဲ့နှိုင်းယှဉ်ရင် ပိုပြီးဈေးကောင်းရရှိတာကို တွေ့ရပါတယ်။ ယခင်နှစ်ကထက် ဈေးပိုရရှိနေပါတယ်" ဟု မန္တလေး မြို့ ရှိ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ပဲစင်းငုံကို ပြည်တွင်းစားသုံးမှုထက် ပြည်ပသို့ ပိုမိုတင်ပို့နေရပြီး အဓိကဈေးကွက်အနေဖြင့်အိန္ဒိယနိုင်ငံနှင့် G to G စာချုပ်ချုပ်ဆိုကာ နှစ်စဉ်ပဲစင်းငုံတန်ချိန် အမြောက်အမြား တင်ပို့လျက်ရှိကြောင်း၊ ပြည်တွင်း၌ ပဲစင်းငုံကိုမကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အဓိကထားစိုက်ပျိုး ကြပြီး နှစ်စဉ် ဇန်နဝါရီလမှမတ်လအတွင်း ပဲစင်းငုံများ လှိုင်လှိုင်ထွက်ပေါ်လေ့ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ပဲစင်းငုံများသည်နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသော အဓိကပဲသုံးမျိုးထဲတွင် ပါဝင်သည့်အတွက် တောင်ပေါ်၊ မြေပြန့်မှ တောင်သူများက တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြကြောင်း၊ နိုင်ငံတော်မှလည်း အထွက်နှုန်းကောင်းသော ပဲစင်းငုံမျိုးများ၊ ရာသီဥတုဒဏ်ခံနိုင်သော မျိုးများကို ဖြန့်ဝေပေးနေပြီး ပဲစင်းငုံစံပြစိုက်ကွက်များကိုလည်း စိုက်ပျိုးထားရှိကာ တောင်သူများကို စိုက်ပျိုးနည်းစနစ်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## ဇန်နဝါရီလအတွင်း မြန်မာ့ဆန်ကို အရှေ့အာဖရိက မဒါဂတ်စကားနိုင်ငံက အများဆုံးဝယ်သူဖြစ်လာ




ဇန်နဝါရီလအတွင်း မြန်မာ့ဆန်ကို အာဖရိကတိုက် အရှေ့တောင်ဘက်ကမ်းရိုးတန်းရှိ ကျွန်းနိုင်ငံတစ်ခုဖြစ်သော မာဒါဂတ်စကားနိုင်ငံက အများဆုံးဝယ်ယူခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)က ထုတ်ပြန်ထားသည်။

ဇန်နဝါရီလမှာ ပြည်ပနိုင်ငံပေါင်း ၃၁ နိုင်ငံက ဆန်တန်ချိန် ၁၂၂,၃၃၇ တန်ဝယ်ယူခဲ့ပြီး မာဒါဂတ်စကားက မက်ထရစ်တန်ချိန် ၄၁,၀၀၀ အထိအများဆုံးတင်သွင်းခဲ့ပြီးအများဆုံး ဝယ်ယူဖြစ်လာသည်။

ပုံမှန်ဝယ်လက်များဖြစ်သော တရုတ်နှင့်ဖိလစ်ပိုင်နိုင်ငံတို့က မက်ထရစ်တန်ချိန် ၅၀,၉၅၁ တန် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ဆန်ကွဲကိုတော့ တရုတ်နိုင်ငံက တန်ချိန် ၄၉,၄၈၀ တန်အ ထိ အများဆုံးဝယ်ယူထားပြီး တရုတ်အပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံ၏ ဆန်ကွဲဝယ်လိုအားမှာ မက်ထရစ်တန်ချိန် ၈၆ ဒသမ ၅၁၀ တန်ရှိခဲ့သည်။

ဇန်နဝါရီလအတွင်း ဆန်အမျိုးအစားအလိုက် တင်ပို့မှုကိုကြည့်ပါက ညှော်မထ/ငစိန် အုပ်စုဝင် ဆန်ကြမ်း ၅ မှတ် နှင့် ၁၀ မှတ် ဆန်ကို ၄၆,၂၈၆ တန် တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်းတင်ပို့မှု၏ ၂၂ ရာခိုင်နှုန်းရှိခဲ့ကာ ၂၅ မှတ်ဆန်ကို ၆၉,၈၅၆ တန် တင်ပို့ခဲ့ရပြီး စုစုပေါင်းတင်ပို့မှု၏ ၃၄ ရာခိုင်နှုန်း ပါဝင်လျက်ရှိသည်။

ဆန်ကွဲ (A+B) ကိုတော့ ၈၆၅၁၀ တန် တင်ပို့ခဲ့ပြီး စုစုပေါင်းတင်ပို့မှု၏ ၄၁ ရာခိုင်နှုန်းနှင့် ပေါင်းဆန် (Parboiled) ကိုတော့ ၅၁၀၁ တန် တင်ပို့ခဲ့ပြီး စုစုပေါင်းတင်ပို့မှု၏ ၃ ရာခိုင်နှုန်းရှိခဲ့သည်။

ဇန်နဝါရီလအတွင်း ဆန်/ဆန်ကွဲ တင်ပို့မှုကနေ ပို့ကုန်ဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၆၀ ဖြစ်ပြီး ဘဏ္ဍာနှစ် ၁၀ လတာအတွင်း ဒေါ်လာ ၇၃၅ သန်း ရရှိထားကြောင်း သိရသည်။

**Source :မကွေးဂျာနယ်**

## တံမြက်စည်းပင် ဈေးကောင်းရသဖြင့် ရှာဖွေခုတ်ရောင်းသူများပြား




နေပြည်တော် အရှေ့ဖျားတိုင်းရင်းသားကျေးရွာများမှ ထွက်ရှိသော တံမြက်စည်းပင်များ ဈေးကောင်းရသောကြောင့် တံမြက်စည်းပင်ရှာဖွေပြီး ခုတ်ရောင်းသူ များပြားလျက်ရှိကြောင်း ဒေသခံများထံက သိရပါတယ်။

“နိုဝင်ဘာလကနေ ဇန်နဝါရီလလောက်အထိ နှစ်လကျော်ကာလအတွင်းက တောင်ပေါ်တစ်ကျော တံမြက်စည်းပင်တွေ ရင့်တဲ့အချိန်ပေါ့။ တောတိုးပြီး တံမြက်စည်းပင်ရိတ်သူတွေလည်းများတယ်။ ဒါပေမဲ့ အခုချိန်ကတော့ အပင်နည်းသွားတာကြောင့် တောတိုးရတာလည်း နက်သွားတော့ ရိတ်တဲ့သူနည်းလာတယ်။ ဒါကြောင့် အခုအချိန် ဈေးလည်းကောင်းတယ်”လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

ယခင်အစောပိုင်းကာလတွင် တံမြက်စည်းအပင် အစို ၃၆ လက်မ တစ်ထုံးလျှင် ၈၀၀၀-၁၀,၀၀၀ ကျပ်ဝန်းကျင်သာ အဝယ်ဒိုင်များမှ ဈေးပေးသော်လည်း ယခုအချိန်တွင် ၁၅,၀၀၀ ကျပ်အထိ ဈေးပေးကြောင်း ၊ အချိန် ကတ္တားဖြင့်ဆိုလျှင် တစ်ပိဿာ ၁၂၀၀ ကျပ်ရကြောင်း သိရပါတယ်။

နေပြည်တော်ပျဉ်းမနားမြို့အရှေ့ဘက် သနပ်ပင်ဆိပ်(အနောက်ရွာ)တွင် တံမြက်စည်းလုပ်ငန်းအား တစ်ရွာလုံးလုပ်ကိုင်ကြပြီး၊ ယခုအချိန်တံမြက်စည်းပြုလုပ်သည့်ကုန်ကြမ်းဖြစ်သည့် တံမြက်စည်းပင်များအား ရသလောက် ဝယ်ယူသိုလှောင်ထားကြပြီး တစ်နှစ်ပတ်လုံးတံမြက်စည်းထိုးလုပ်ငန်း လုပ်ကိုင်ကြကြောင်း သိရပါတယ်။

“တောင်ပေါ်ကျေးရွာနေတဲ့သူတွေက အလုပ်အကိုင် ရှားတယ်၊ မိုးပိုင်းကာလတွေမှာ မျှစ်ထိုး၊မျှစ်ချိုးဝမ်းစာရှာရသလို၊ ဆောင်းအဝင်ကနေအခုချိန်အထိ တံမြက်စည်းပင်ရှာပြီး ဝင်ငွေရှာသူများကြတယ်။ ဒီနှစ်က တံမြက်စည်းပင်ဈေးကောင်းလည်း ရတော့ ဒေသခံတွေအတွက် စားဝတ်နေရေးအခိုက်အတန့်အဆင်ပြေစေတာပေါ့။ အခုကတော့ ဒီပေါင်းလောင်းမြစ်ဘေးနဲ့ ပေါင်းလောင်းတောင်တန်းတွေ တစ်လျှောက်ရှာဖွေခုတ်ကြတယ်။ တချို့ဆို ညအိပ်ညနေ ရှာခုတ်ကြတယ်”လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

နေပြည်တော်အရှေ့ဘက်ခြမ်းကျေးရွာများမှ တံမြက်စည်းရိတ်သူများမှာ ပျဉ်းမနားမြို့ရှိ အဝယ်ဒိုင်များထံသို့လည်း လာရောက်ရောင်းချကြကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## စင်ကာပူနိုင်ငံနှင့်ပါရာဂွေးနိုင်ငံတို့အတွက် MERCOSUR စင်ကာပူလွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်(MERCOSUR–Singapore Free Trade Agreement – MCSFTA) အသက်ဝင်ပြီဖြစ်

MERCOSUR–စင်ကာပူလွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်(MERCOSUR–Singapore Free Trade Agreement – MCSFTA) သည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁ ရက်နေ့တွင် စင်ကာပူနိုင်ငံနှင့် ပါရာဂွေးနိုင်ငံတို့အတွက် အသက်ဝင်ပြီဖြစ်ကြောင်း၊ MCSFTA သည် စင်ကာပူနိုင်ငံ၏ ၂၉ ခုမြောက် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်ဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံအတွက် MERCOSUR အဖွဲ့ဝင်နိုင်ငံများနှင့် ပထမဦးဆုံးကုန်သွယ်မှုသဘောတူစာချုပ်ဖြစ်ပြီးMERCOSUR အတွက် အရှေ့တောင်အာရှနိုင်ငံတစ်ခုနှင့် ပထမဦးဆုံးကုန်သွယ်မှုသဘောတူစာချုပ်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ၊ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါသည်။

စင်ကာပူနိုင်ငံနှင့် ဥရုဂွေးနိုင်ငံအတွက် စာချုပ်အသက်ဝင်မည့်ရက်မှာ ၂၀၂၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ဖြစ်ပြီး အာဂျင်တီးနားနိုင်ငံနှင့်ဘရာဇီးနိုင်ငံတို့မှာ စာချုပ်အသက်ဝင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည်။

သက်သာသည့်အခွန်နှုန်းထားများဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်း၊ ပွင့်လင်းမြင်သာမှုရှိပြီး ခန့်မှန်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တည်ဆောက်ခြင်း၊ ကုန်သွယ်ရေး၊ စွန့်ဦးတီထွင်မှု၊ ဒီဂျစ်တယ်စနစ်၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု၊ စားနပ်ရိက္ခာဖူလုံရေး၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးစသည့်နယ်ပယ်များတွင် ပူးပေါင်းမှုများတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် MCSFTA သည် စင်ကာပူနိုင်ငံနှင့် တောင်အမေရိက ၄ နိုင်ငံဖြစ်သည့် အာဂျင်တီးနားနိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ပါရာဂွေးနိုင်ငံ၊ ဥရုဂွေးနိုင်ငံတို့နှင့် စီးပွားရေးအရ ချိတ်ဆက်မှုအားကောင်းစေရန် ရည်ရွယ်ပါသည်။

MERCOSUR သည် ၂၀၂၅ ခုနှစ်တွင် ဂျီဒီပီအားဖြင့် အမေရိကန်ဒေါ်လာ ၃ ထရီလီယံ၊ လူဦးရေ ၂၉၅ သန်းရှိသည့် နိုင်ငံများအစုအဖွဲ့ဖြစ်သည်။

MERCOSUR အဖွဲ့ဝင် ၄ နိုင်ငံတွင် စင်ကာပူကုမ္ပဏီ ၂၀၀ ကျော်လုပ်ငန်းလုပ်ကိုင်လျက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် MERCOSUR အဖွဲ့ဝင် ၄ နိုင်ငံနှင့် စင်ကာပူနိုင်ငံ၏ကုန်သွယ်မှုမှာ စင်ကာပူဒေါ်လာ ၁၁ ဒသမ ၉ ဘီလီယံရှိခဲ့ကာ လက်တင်အမေရိကနှင့် ကုန်သွယ်မှု စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းရှိခဲ့သည်။

MCSFTA ကို (၆၃)ကြိမ်မြောက် MERCOSUR နှင့် မိတ်ဖက်နိုင်ငံများ၏ နိုင်ငံအကြီးအကဲခေါင်းဆောင်များဆွေးနွေးပွဲတွင် လက်မှတ်ရေးထိုးခဲ့သည်။

**Source : Ministry of Trade and Industry, Singapore**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## တရုတ်–ဗြိတိန် နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးမြှင့်ရန် စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်း ဆောင်ရွက်မှုသဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့

ကုန်စည်ကူးသန်းရောင်းဝယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် စီးပွားရေးနှင့်ကုန်သွယ်မှုယန္တရားများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ညှိနှိုင်းကြိုးပမ်းမှုများမှတစ်ဆင့် နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်မှုဆက်ဆံရေး ပိုမိုနက်ရှိုင်းလာစေရန် ရည်ရွယ်၍ တရုတ်နှင့်ဗြိတိန်တို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာများချုပ်ဆိုခဲ့သည်ဟု တရုတ်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဗြိတိန်ဝန်ကြီးချုပ် Keir Starmer ၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံသည် စီးပွားရေးနှင့်ကုန်သွယ်မှုပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာ(၄) စောင်က လက်မှတ်ရေးထိုးခဲ့ကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့် ရှိသူတစ်ဦးက ပြောကြားခဲ့သည်ဟု သိရသည်။

TIR

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးမိတ်ဖက်များအား ၎င်း၏ကြီးမားသောဈေးကွက်ကို မျှဝေနိုင်စေရန် ဆောင်ရွက်လျက်ရှိချိန်တွင် တရုတ်နိုင်ငံနှင့် ပို့ကုန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)လက်မှတ်ရေးထိုးခြင်းဖြင့် ဗြိတိန်သည် တရုတ်နှင့် ယင်းသို့သောစာချွန်လွှာကို လက်မှတ်ရေးထိုးသည့် ပထမဆုံးနိုင်ငံဖြစ်လာကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်ဟု သိရသည်။

နှစ်နိုင်ငံသည် တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့သည့် ပူးပေါင်းဆောင်ရွက်မှုယန္တရားတစ်ရပ်ကို ထူထောင်ကာ တရုတ်နိုင်ငံသို့ အရည်အသွေးမြင့်ဗြိတိန်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများတင်ပို့နိုင်သည့်အလားအလာများကို ရှာဖွေရန်၊ သတင်းအချက်အလက်ဖလှယ်မှုမြှင့်တင်စေရန်၊ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် တရုတ်-ဗြိတိန်ကုန်သွယ်မှုအား ကောင်းလာစေရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရသည်။။

အခြားနားလည်မှုစာချွန်လွှာ(၂)စောင်ဖြစ်သည့် တရုတ်-ဗြိတိန်ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ပူးတွဲဖြစ်နိုင်ခြေလေ့လာရေးနားလည်မှုစာချွန်လွှာနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခြင်းဖြင့် ဝန်ဆောင်မှုကဏ္ဍတွင် ပေါင်းစပ်အားသာချက်များနှင့် ကဏ္ဍအလိုက်အကျိုးကျေးဇူးများကို အပြည့်အဝအသုံးချကာတီထွင်ဆန်းသစ်သော စက်မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာဝန်ဆောင်မှုများ၊ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများတွင် ပူးပေါင်းဆောင်ရွက်မှုများ နက်ရှိုင်းစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်-ဗြိတိန်စီးပွားရေးနှင့် ကုန်သွယ်ရေးပူးတွဲကော်မရှင်၏လုပ်ငန်းဆောင်ရွက်မှုအားကောင်းစေရေး နားလည်မှု စာချွန်လွှာသည် နှစ်နိုင်ငံ စီးပွားရေးနှင့်ကုန်သွယ်ရေးမူဝါဒများဆွေးနွေးမှုနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး တို့အတွက် ပလက်ဖောင်းတစ်ခုအဖြစ် ကော်မရှင်၏ အခန်းကဏ္ဍကို ပိုမိုခိုင်မာစေရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါကော်မရှင်နှင့် ဗြိတိန်-တရုတ်စီးပွားရေးကောင်စီတို့အကြား အပြန်အလှန်ဆက်ဆံရေးကိုမြှင့်တင်ရန်၊ နှစ်နိုင်ငံ အစိုးရများနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ဆွေးနွေးမှုအားကောင်းလာစေရန်၊ နှစ်ဖက်လုပ်ငန်းရှင်များ ရင်ဆိုင်ရသည့် ပြဿနာများနှင့် တောင်းဆိုချက်များကို ဖြေရှင်းရာတွင် လွယ်ကူချောမွေ့စေရန်နှင့် တရုတ်-ဗြိတိန် စီးပွားရေးနှင့် ကုန်သွယ်မှု ဆက်ဆံရေးနက်ရှိုင်းစေရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://en.people.cn/n3/2026/0131/c90000-20421255.html

**(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

## STOCK EXCHANGE (18.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Feb. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,126 (Shares) | 37,314,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +200 | +2.38% | 8,500 | 8,600 | 8,500 | 750 | 6,434,900 | 33,109,694 | 284,743 |
| MTSH | 00002 | 4,000 | +50 | +1.27% | 3,950 | 4,300 | 3,950 | 346 | 1,378,600 | 38,929,150 | 155,717 |
| MCB | 00003 | 8,500 | -100 | -1.16% | 8,500 | 8,500 | 8,500 | 11 | 93,500 | 10,400,986 | 88,408 |
| FPB | 00004 | 2,950 | +0 | +0.00% | 2,950 | 3,000 | 2,950 | 8,423 | 24,887,450 | 29,664,613 | 87,511 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 81 | 238,950 | 12,823,224 | 37,829 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 2,391 | 3,832,250 | 19,977,223 | 32,962 |
| AMATA | 00007 | 3,900 | -50 | -1.27% | 3,900 | 3,900 | 3,900 | 77 | 300,300 | 10,497,598 | 40,941 |
| MAEX | 00008 | 3,150 | +50 | +1.61% | 3,150 | 3,150 | 3,150 | 47 | 148,050 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 18th Feb. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 425.78 | +4.35 | +1.03% | 422.38 | 432.76 | 422.38 | 12,126 | 37,314,000 | 8 | 803,097 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 18th Feb. 2026

| Trading Volume | Trading Value |
|---|---|
| 12,144 (Shares) | 37,620,500 (MMK) |

### Main Board

As of 1:00 pm, 18th Feb. 2026

#### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,126 (Shares) | 37,314,000 (MMK) |

| MYANPIX | 425.78 ▲4.35 |
|---|---|
| Total Volume (shares) | 12,126 |
| Total Value (MMK) | 37 mil |
| Listed Company | 8 |
| Market Cap. (MMK) | 803,097 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲200 |
| MTSH | 00002 | 4,000 | ▲50 |
| MCB | 00003 | 8,500 | ▼100 |
| FPB | 00004 | 2,950 | ▲0 |
| TMH | 00005 | 2,950 | ▲0 |
| EFR | 00006 | 1,650 | ▲0 |
| AMATA | 00007 | 3,900 | ▼50 |
| MAEX | 00008 | 3,150 | ▲50 |